농업인 안전 365 캠페인

농작업 안전 자가점검 체크리스트 (미얀마어)

# စိုက်ပျိုးရေးလုပ်ငန်း ဘေးကင်းရေးဆိုင်ရာ ကိုယ်တိုင်ပြန်လည်စစ်ဆေးရန်စာရင်း

Rural Development Administration

## * အသုံးပြုသူများအတွက်

1. တိုးတက်ရန် လိုအပ်နေသေးသည့် ကဏ္ဍများကို သိရှိနိုင်ရန်အတွက် စစ်ဆေးရန် စာရင်းပါ အချက်များကို သေချာဖတ်ရှုပြီး “( O ) ဟုတ်သည်” သို့မဟုတ် “( X ) မဟုတ်ပါ” ရွေးချယ်ပေးပါ။

2. သင့်စမတ်ဖုန်းဖြင့် QR ကုဒ်ကို စကန်ဖတ်ပါ။ ဤဗီဒီယိုကြည့်ပြီး ဘေးကင်းရေး ဆိုင်ရာ စီမံကွပ်ကဲရေး အချက်အလက်များကို ဆက်လက်ကြည့်ရှုနိုင်ပါသည်။

3. အဖုံးပေါ်မှ QR ကုဒ်အား စကန်ဖတ်လျှင် စစ်ဆေးရန်စာရင်းဖိုင်ကို ဒေါင်းလုဒ် ရယူနိုင်မည့် အင်တာနက်စာမျက်နှာသို့ တိုက်ရိုက်ပို့ပေးပါမည်။ ပုံမှန် ကိုယ်တိုင် ပြန်လည်စစ်ဆေးရန် အသုံးပြုနိုင်သည်။

**[ သင့်စမတ်ဖုန်း ကင်မရာဖြင့် QR ကုဒ်ကို အလွယ်တကူ စကန်ဖတ်နည်း။ ]**




ကင်မရာအက်ပ်ကို နှိပ်ပါ

QR ကုဒ် စခရင်ပေါ်တွင်
ပေါ်သည့်နေရာမှ
ကင်မရာဖြင့်ချိန်ပါ

စခရင်ပေါ်တွင် ပေါ်လာသည့်
အင်တာနက်လိပ်စာ
အသိပေးချက်ကိုနှိပ်ပြီး
သတ်မှတ်ထားသည့်
အင်တာနက်စာမျက်နှာသို့ သွားပါ

# 1 စိုက်ပျိုးရေးသုံး စက်ယန္တရား

## [ အလုပ်ခွင်ဝတ်စုံ ]

| | | |
|---|---|---|
| • ကျွန်ုပ်သည် အဝတ်အစား သို့မဟုတ် ခန္ဓာကိုယ် အစိတ်အပိုင်းများ စက်နှင့်ညှပ်မိပြီး မတော်တဆမှုများ မဖြစ်စေရန် အတွက် လက်ဖက် သို့မဟုတ် ခြေဖတ်ပွ မပါသည့် သင့်လျော်သော အလုပ်ခွင်ဝတ် အဝတ်အစားများကိုဝတ်ဆင်ထားပါသည်။ | O | X |
| • ကျွန်ုပ်သည် အလုပ်နှင့် သင့်လျော်သည့် အလုပ်ခွင်ဝတ်စုံ၊ ဦးထုပ်အမာ၊ ဘွတ်ဖိနပ်အမာနှင့် လက်အိတ်အထူများ ကဲ့သို့သော အကာအကွယ်ပေးပစ္စည်းများကို ဝတ်ဆင်ထားသည်။ | O | X |

## [ ဘေးကင်းရေး စစ်ဆေးချက် ]

| | | |
|---|---|---|
| • ကျွန်ုပ်သည် ပစ္စည်းအစိတ်အပိုင်းများနှင့် အရေးပေါ် ရပ်တန့်ကိရိယာတို့ကို အသုံးမပြုမီ ပုံမှန်စစ်ဆေး/ ပြင်ဆင်သည်။ | O | X |
| • ကျွန်ုပ်သည် လည်ပတ်နေသည့် အစိတ်အပိုင်းများအနီး ကဲ့သို့သော မတော်တဆမှု ဖြစ်နိုင်ခြေများသည့် နေရာများတွင် အရံအတား အဖုံးများ သို့မဟုတ် ဘေးကင်းရေး ကိရိယာများ တပ်ဆင်ထားသည်။ | O | X |
| • လည်ပတ်နေသည့်အစိတ်အပိုင်းများ ပါဝင်သည့်စိုက်ပျိုးရေးသုံး စက်ယန္တယားများကို စစ်ဆေး/ပြင်ဆင်ရာတွင် အင်ဂျင်ကိုဦးစွာ ပိတ်သည်။ | O | X |

## [ ဘေးကင်းစွာ မောင်းနှင်ခြင်း ]

| | | |
|---|---|---|
| • ကျွန်ုပ်သည် ကုန်းစောင်းများ၊ ကျဉ်းမြောင်းသည့် လယ်တောလမ်းများတွင် မောင်းနှင်ရာတွင်၊ ကွေ့ရာတွင် အရှိန်လျှော့သည်။ | O | X |
| • ကျွန်ုပ်သည် ညဘက် သို့မဟုတ် ရာသီဥတုဆိုးချိန် မောင်းနှင်ပါက ရောင်ပြန်မီးခွက်နှင့် မီးပေးကိရိယာများ ကဲ့သို့သော ဘေးကင်းရေး ကိရိယာများကို စစ်ဆေးသည်။ | O | X |
| • စက်ရပ်ရာတွင်/ထိုးရာတွင် အင်ဂျင်စက်သပ်ပြီး ပါကင်ဘရိတ်အုပ်သည်။ | O | X |
| • လမ်းပေါ်တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို အမြဲလိုက်နာသည်။ | O | X |
| • ဘယ်တော့မှ အရက်သောက်ပြီး စက်မမောင်းပါ။ | O | X |







## 2 အပူလှိုင်း/ခရမ်းလွန်ရောင်ခြည်

- ကျွန်ုပ်သည် အပြင်တွင် အလုပ်လုပ်ပြီး နေရောင်နှင့် အချိန်အတန်ကြာ ထိတွေ့ရလျှင် ခရမ်းလွန်ရောင်ခြည်များကို ကာကွယ်ရန်အတွက် နေရောင်ကာလိမ်းဆေးလိမ်းပြီး ဦးထုပ်၊ လက်ရှည်နှင့် ဘောင်းဘီရှည်များ ဝတ်ဆင်သည်။ O X
- အပူလိုင်းသတိပေးချက် ထုတ်ထားလျှင် အပူဆုံးနာရီများ (နေ့မွန်းတည့်မှ ညနေ 5:00 နာရီအထိ) တွင် အလုပ်နားသည်။ O X
- အလုပ်လုပ်ရင်း အေးမြသည့် နေရာများတွင် သင့်လျော်သလို မကြာခဏ အနားယူသည်။ O X
- ရေအမြဲယူလာပြီး မကြာခဏသောက်သည်။ O X
- ကျွန်ုပ်သည် ရေဓာတ်ခန်းခြောက်ခြင်း၊ အပူကြောင့် မူးမေ့ခြင်း စသည်တို့မှ ကာကွယ်နည်း၊ ရှေးဦးသူနာပြု စောင့်ရှောက်မှုပေးနည်းတို့ကို တတ်မြောက်ထားသည်။ O X
- တတ်နိုင်သရွေ့ နောက်တစ်ယောက်နှင့် အတူတွဲ အလုပ်လုပ်သည်။ O X
- နွေရာသီ တစ်နေ့တာအတွင်း အပူဆုံးအချိန်များမှ ရှောင်ရှားနိုင်ရန် နံနက်အစောသို့မဟုတ် မွန်းလွဲပိုင်းတွင်အလုပ်လုပ်သည်။ O X

## 3 ရှေးဦးသူနာပြု

- အရေးပေါ်ဖြစ်လျှင် ရှေးဦးသူနာပြု စောင့်ရှောက်မှု ပေးတတ်သည်။ O X
- ကျွန်ုပ်တွင် ရှေးဦးသူနာပြု ပစ္စည်းပုံး အသင့်ရှိသည် သို့မဟုတ် အလုပ်လုပ်ရာနေရာသို့ အတူတကွယူသွားသည်။ O X

## 4 ဘေးကင်းရေးဆိုင်ရာ သိနားလည်မှု

### [ ဘေးကင်းရေးဆိုင်ရာ အာမခံ ]

- ကျွန်ုပ်သည် လယ်သမားများ ဘေးကင်းရေး အာမခံ သို့မဟုတ် စိုက်ပျိုးရေးသုံး စက်ကိရိယာများအတွက် အထွေထွေ အာမခံ ယူထားသည်။ O X

### [ လေ့ကျင့်ရေး ]

- ကျွန်ုပ်သည် စိုက်ပျိုးရေးလုပ်ငန်းဆိုင်ရာ ဘေးအန္တရာယ်များနှင့် ဘေးအန္တရာယ် စီမံကွပ်ကဲမှုတို့နှင့် ပတ်သက်ပြီး လေ့ကျင့်ပြီးဖြစ်သည်။ O X








# 5 ပိုးသတ်ဆေး

## [ PPE (တစ်ကိုယ်ရေသုံး အကာအကွယ်ပေးပစ္စည်း) ]

| | | |
|---|---|---|
| • ပိုးသတ်ဆေးဖြန်းလျှင် ကျွန်ုပ်သည် အကာအကွယ်ပေး အဝတ်အစား၊ မျက်နှာဖုံး၊ မျက်လုံးအကာ၊ ဦးထုပ်၊ လက်အိတ်နှင့် ဘွတ်ဖိနပ်အမာများ ဝတ်ဆင်သည်။ | O | X |
| • ကျွန်ုပ်သည် ပိုးသတ်ဆေးမဖြန်းမီ ပိုးသတ်ဆေးရောချိန်၌ပင် မျက်နှာဖုံး၊ မျက်လုံးအကာ၊ လက်အိတ် အစရှိသည်တို့ကို ဝတ်ဆင်သည်။ | O | X |
| • ကျွန်ုပ်သည် တစ်ကိုယ်ရေသုံး အကာအကွယ်ပေးပစ္စည်း (PPE) မဝတ်ဆင်မီ ၎င်းတို့၏ အခြေအနေကို စစ်ဆေးသည်။ | O | X |
| • ကျွန်ုပ်သည် ဓာတုဆေးဒဏ်ခံ ယူနီဖောင်း ဝတ်ဆင်ရာတွင် ဘောင်းဘီခြေဖတ်များကို ဘွတ်ဖိနပ်အပြင်တွင်ထုတ်ထားသည်။ | O | X |

## [ ဘေးအန္တရာယ် သတိပေးချက်များ ]

| | | |
|---|---|---|
| • ကျွန်ုပ်သည် ပိုးသတ်ဆေး ဖြန်းနေချိန်နှင့် ဖြန်းပြီးလျှင် ဘေးအန္တရာယ် သတိပေးမည့် “ပိုးသတ်ဆေး ဖြန်းထားသည်” ဆိုင်းဘုတ်ကို ထောင်ထားသည်။ | O | X |

## [ ဘေးကင်းရေးဆိုင်ရာ စီမံကွပ်ကဲမှု ]

| | | |
|---|---|---|
| • ကျွန်ုပ်သည် SS စက် ယာဉ်မောင်းထိုင်ခုံကို ပိုးသတ်ဆေးနှင့် မထိစေရန် သေချာကာကွယ်ပေးထားသည်။ | O | X |
| • ကျွန်ုပ်သည် ပိုးသတ်ဆေးဖြန်းပြီးလျှင် တတ်နိုင်သမျှ အမြန်ဆုံး ဆပ်ပြာတိုက် ရေချိုးသည်။ | O | X |
| • ကျွန်ုပ်သည် ပိုးသတ်ဆေးဖြန်းထားသည့် နေရာတစ်ခုသို့ အချိန်အတန်ကြာ မဝင်ပါ။ | O | X |
| • ကျွန်ုပ်သည် အဆိပ်အတောက်ပြင်းသည့် ပိုးသတ်ဆေးတစ်မျိုးကို မျိုချမိပါက 119 သို့ ဖုန်းဆက်ရမည်၊ ဆေးကုသရေး ဝန်ထမ်းများကို ပိုးသတ်ဆေးအမည် ပြောပြရမည်ဟု သိသည်။ | O | X |

## [ ပိုးသတ်ဆေး သိမ်းဆည်းခြင်းနှင့် ကိုင်တွယ်ခြင်း ]

| | | |
|---|---|---|
| • ကျွန်ုပ်သည် ပိုးသတ်ဆေးများကို အမျိုးအစားအလိုက်ခွဲပြီး သော့ပါသည့် ဗီရိုများတွင် ထည့်သွင်းသိမ်းဆည်းသည်။ | O | X |
| • ကျွန်ုပ်သည် အသုံးပြုပြီးသား ပိုးသတ်ဆေးဘူးများနှင့် စွန့်ပစ်ပစ္စည်းများကို သီးခြားနေရာတစ်နေရာတွင် သိမ်းဆည်းပြီး ဘေးကင်းစွာ စွန့်ပစ်သည်။ | O | X |
| • ကျွန်ုပ်သည် ပိုးသတ်ဆေးဖျော်ရာတွင် လက်ကျန်ပိုးသတ်ဆေးများကို နောက်ပုလင်းတစ်ခုအတွင်းသို့ လောင်းမထည့်ပါ။ | O | X |








# 6 ပြုတ်ကျခြင်း/ချော်လဲခြင်း

## [ အလုပ်ခွင်ပတ်ဝန်းကျင် ]

- ကျွန်ုပ်သည် ချော်နေသည့် အခင်းများ၊ ခလုတ်တိုက်လဲနိုင်သည့် အဖုအထစ်များနှင့် အပေါက်များ ကဲ့သို့သော ကြမ်းပြင်ပေါ်ဘေးအန္တရာယ်များကို ဖြေရှင်းပေးသည်။ O X
- ကျွန်ုပ်သည် စကြံန်အကျယ်နှင့် စိုက်ပျိုးရေးလုပ်ငန်း ပတ်ဝန်းကျင်တို့ကို လူနှင့် ထရပ်ကားများ သွားလာရ သင့်လျော်စေရန် ဆောင်ရွက်ထားသည်။ O X

## [ အလုပ်ဝတ် ဘွတ်ဖိနပ်များ ]

- ကျွန်ုပ်သည် ချော်လဲသည့်ဒဏ် ခံနိုင်သည့် စိုက်ပျိုးရေးလုပ်ငန်းသုံး ဘွတ်ဖိနပ်များ ဝတ်ဆင်သည်။ O X
- ကျွန်ုပ်သည် ချော်မလဲစေရန် ဘွတ်ဖိနပ်အောက်မှ ပစ္စည်းအစအနများကို မကြာခဏ ဖယ်ရှားသည်။ O X

## [ လှေကား ]

- ကျွန်ုပ်သည် လှေကားကိုမသုံးခင် ယိုယွင်းပျက်စီးမှု ရှိမရှိ စစ်ဆေးသည်။ O X
- ကျွန်ုပ်သည် ဦးထုပ်အမာ၊ တစ်ကိုယ်ရေသုံး အကာအကွယ်ပစ္စည်းနှင့် အလုပ်ဝတ် ဘွတ်ဖိနပ်များ အမြဲ ဝတ်ဆင်သည်။ O X
- ကျွန်ုပ်သည် လှေကားကိုသုံးလျှင် မာကျောသည့်၊ မြေပြင်ညီပေါ်တွင် ထောင်သည်။ O X
- လှေကားထောင်လျှင် လှေကားနှင့် မြေပြင်အကြား 75 ဒီဂရီအစောင်းကို မကျော်စေရန် သတိထားသည်။ O X
- ကျွန်ုပ်သည် ခေါက်လှေကား (A ပုံစံ) အားလုံးအတွက် လှေကားမဆန့်သွားရန် ထိန်းသည့်ကိရိယာနှင့် သိုင်းကြိုးတို့ကို တပ်ဆင်ထားသည်။ O X
- ကျွန်ုပ် အလုပ်လုပ်ရာတွင် လှေကား၏ အပေါ် 3 ဆင့်ကို မတက်ပါ။ O X
- ကျွန်ုပ်သည် လက်နှစ်ဖက်နှင့် ခြေထောက်နှစ်ဖက်စလုံး အနည်းဆုံး သုံးနေရာဖြင့် လှေကားကို ထိန်းကိုင်ထားသည်။ O X

## [ သစ်သီးခြံ ]

- လှေကားများပေါ်၊ လူတက်ငြမ်းအရှင်များပေါ် အလုပ်လုပ်ရာတွင် အခြားလူတစ်ဦး အတူပါမှသာ အလုပ်လုပ်သည်။ O X
- ကုန်းစောင်းတွင် လှေကားသုံးမည်ဆိုပါက ကုန်းစောင်း၏ နိမ့်သည့်နေရာမှ မြင့်သည့်နေရာသို့ မျက်နှာမူပြီးလှေကားထောင်သည်။ O X
- ကျွန်ုပ်သည် လူတက်ငြမ်းအရှင်ပေါ်တွင် အလုပ်လုပ်ရာ၌ ကုန်းစောင်းများပေါ် မမှောက်ရန် အထူးသတိထားသည်။ O X
- ကျွန်ုပ်သည် လူတက်ငြမ်းအရှင်ပေါ်တွင် အလုပ်လုပ်ရာတွင် အများဆုံး တင်နိုင်သည့်ဝန်ကို ကျော်၍မတင်ပါ။ O X





# 7 ကြွက်သားနှင့် အရိုးဆိုင်ရာ ရောဂါစုများ

## [ အကြောဆန့်ခြင်း ]

- စိုက်ပျိုးရေးလုပ်ငန်း မစမီ/ဆောင်ရွက်နေစဉ်/အပြီးတွင် မှန်ကန်သည့် ကိုယ်နေဟန်ထားဖြင့် အကြောဆန့် လေ့ကျင့်ခန်းလုပ်သည်။ O X

## [ အကူကိရိယာများ ]

- ကျွန်ုပ်သည် ဆောင့်ကြောင့်ထိုင်ခြင်း၊ ခါးငုံ့ခါးကုန်းခြင်းများ မဖြစ်စေရန် အကူကိရိယာများ သုံးသည်။ O X
- ကျွန်ုပ်သည် ထပ်တဲလဲလုပ်ရမည့် လုပ်ငန်းများအတွက် အလုပ်ခုံကို အသုံးပြုပြီး အလုပ်ခုံအမြင့်ကို တံတောင်အမြင့် သို့မဟုတ် တံတောင်အောက် အနည်းငယ်တွင် ချိန်ညှိသည်။ O X
- ထိုင်ခုံပေါ် ထိုင်လုပ်ပါက အမြင့်အရ သင့်လျော်ပြီး ကျောမှီပါသည့်ခုံကို အသုံးပြုသည်။ O X

## [ လေးလံသည့် ပစ္စည်းများ ]

- လေးလံသည့် ပစ္စည်းများကို ရွှေ့ရာတွင် တွန်းလှည်း သို့မဟုတ် ပက်လက်လှည်းတို့ ကဲ့သို့သော ဘီးတပ်ကိရိယာ များကို အသုံးပြုသည်။ O X
- ကျွန်ုပ်သည် ပို့ဆောင်ရမည့် အကွာအဝေးကို အနည်းဆုံးလျှော့ပြီး ပို့ရမည့်ပစ္စည်း အလေးချိန်နှင့် အရွယ်အစားကို တတ်နိုင်သမျှလျှော့ကာ ပစ္စည်းများကို အကြိမ်ကြိမ်ပို့သည်။ O X
- ပစ္စည်းတစ်ခုကို ကြမ်းပြင်မှမလျှင် ကျွန်ုပ်သည် ကျောဆန့်၊ ဒူးကွေး၊ ပစ္စည်းကို ကိုယ်လုံးနှင့်ကပ်ပြီး ခြေထောက်များသုံး၍ မသည်။ O X

## [ အလုပ်တာဝန် စီမံကွပ်ကဲမှု ]

- ကျွန်ုပ်၏ မတူညီသော ခန္ဓာကိုယ် အစိတ်အပိုင်းများကို အသုံးပြုမည့် အလုပ်တာဝန်များကို တစ်လှည့်စီ ရွေးလုပ်ခြင်းဖြင့် ခန္ဓာကိုယ်အပေါ် ဒဏ်ဖြစ်မှုကို လျှော့ချသည်။ O X
- ကျွန်ုပ်သည် နာရီများစွာ ဆက်တိုက်လုပ်၍ အကြာကြီး နားမည့်အစား နားချိန်တိုလေးများဖြင့် မကြာခဏ နားသည်။ O X





# 8 အဆောက်အဦနှင့် ပတ်ဝန်းကျင်

## [ စက်ကြီးများ ]

- စက်ကြီးများကို အတားအဆီးမရှိဘဲ ကျယ်ကျယ်ဖောက်လုပ်ထားသည်။ O X
- အနိမ့်အမြင့် မတူပါက လမ်းခုံးများ လုပ်ထား၍ စက်ကြီးအစွန်းဟူ၍ မရှိပါ။ O X

## [ အလင်းမီး ]

- ဂိုထောင်၊ သိုလှောင်ရုံ၊ အလုပ်ရုံနှင့် လှေကားထစ်များတွင် မီးအလင်းရောင် အလုံအလောက်ရှိသည် (ပုံမှန် အလုပ်များအတွက် 150 lux နှင့်အထက်၊ အသေးစိတ်တိကျရန်လိုသည့် အလုပ်များအတွက် 300 lux နှင့်အထက်)။ O X
- မီးများ ဆင်ရာတွင်/ဖြုတ်ရာတွင် ကျွန်ုပ်သည် ပါဝါပိတ်ပြီး အကာအကွယ်ပေး ကိရိယာများ ဝတ်ဆင်သည်။ O X

## [ အကျဉ်းချုပ် ]

- ကျွန်ုပ်၏ တန်ဆာပလာနှင့် လယ်ထွန်လယ်စိုက် ကိရိယာများကို ရှာဖွေရ လွယ်ကူစေရန် စုစည်းထားရှိသည်။ O X
- ကျွန်ုပ် အလုပ်လုပ်ရာနေရာကို အဆင်ပြေပြေ အသုံးပြုနိုင်ရန် စီစဉ်ထားရှိသည်။ O X

## [ သန့်ရှင်းမှု ]

- မှို သို့မဟုတ် ရောဂါပိုးမွှားများ မဝင်စေရန် သန့်ရှင်းရေးကို အလေးထားသည်။ O X
- အလုပ်လုပ်ရ အဆင်ပြေသည့် ပတ်ဝန်းကျင်ဖြစ်စေရန် အလုပ်နေရာကို မကြာခဏ လေဝင်လေထွက်ရှိသည်။ O X

## [ အန္တရာယ်များသည့်နေရာများ ]

- ဘေးအန္တရာယ်ရှိသည့် နေရာများ (ပြောင်း/ဂျုံသိုလှောင်ရုံများ၊ ဓာတ်မြေသြဇာ သိုလှောင်ခန်း၊ ဓာတုပစ္စည်း သိုလှောင်ခန်း၊ ပစ္စည်းသိုလှောင်ခန်း စသဖြင့်) ၏ တံခါးများကို ကလေးသူငယ်များ၊ အပြင်လူများ မဝင်နိုင်စေရန် သော့ခတ်ထားသည်။ O X
- ဘေးအန္တရာယ်ရှိသည့် နေရာများ၏ အဝင်ဝတွင် သင့်လျော်သည့် "ဘေးကင်းရေး သတိပေးဆိုင်းဘုတ်"များ ချိတ်ဆွဲထားသည်။ O X







# 9 သိုလှောင်ရုံများ

## [ အဝတ်အစားနှင့် PPE ]

- ကျွန်ုပ်သည် ဦးထုပ်အမာ၊ မချော်မည့် ဘွတ်ဖိနပ်များ၊ ဖုန်အမှုန်ကာ မျက်နှာဖုံးနှင့် မျက်လုံးအကာများ ကဲ့သို့သော သင့်လျော်သည့် PPE ကို ဝတ်ဆင်သည်။ O X
- ကျွန်ုပ်သည် အပ်စူးသကဲ့သို့ အနာတရများ မဖြစ်စေရန် ဘေးကင်းရေး လက်အိတ်များကို ဝတ်ဆင်သည်။ O X
- ကျွန်ုပ်သည် အညစ်အကြေး သန့်စင်ရုံများတွင် လေရှူမျက်နှာဖုံး ကဲ့သို့သော ဘေးကင်းရေး ကိရိယာများကို ဝတ်ဆင်ပြီး ဓာတ်ငွေ့သတိပေးစက်များကို အသုံးပြုသည်။ O X

## [ လျှပ်စစ်ဓာတ်အား ]

- ကျွန်ုပ်သည် ဝါယာကြိုးနှင့် ဝါယာကြိုး သွယ်တန်းမှုများကို ပုံမှန်စစ်ဆေးသည်။ O X
- ကျွန်ုပ်သည် လျှပ်စစ်ပစ္စည်း တပ်ဆင်မှုများကို စစ်ဆေးပြီး တိရိစ္ဆာန်များကြောင့် ထိခိုက်ပျက်စီးမှုများမှ ကာကွယ်ပေးသည်။ O X
- ကျွန်ုပ်သည် လူ့ခန္ဓာကိုယ် ဓာတ်မလိုက်စေရန် မြေပြင်သို့ ဓာတ်အားယိုစိမ့်မှုတား ဘရိတ်ကာတစ်ခု တပ်ဆင်ပြီး ၎င်းကို ပုံမှန်စစ်ဆေးသည်။ O X

## [ ပတ်ဝန်းကျင် ]

- ကျွန်ုပ်သည် လေဝင်လေထွက် စနစ်များကို ပုံမှန်စစ်ဆေးပြီး ထိန်းသိမ်းပြင်ဆင်သည်။ O X
- ကျွန်ုပ်သည် အညစ်အကြေး သန့်စင်ရုံများတွင် "သတိပေးဆိုင်းဘုတ်များ" ချိတ်ဆွဲပြီး အလုပ်တွင် မတော်တဆ အသက်ရှူကြပ်မှုများ မဖြစ်စေရန် စည်းကမ်းချက်များကို တင်းကျပ်စွာ လိုက်နာသည်။ O X
- ကျွန်ုပ်သည် ညှပ်မိနိုင်သည့် အန္တရာယ်ရှိသော စက်များတွင် အရံအတားများ တပ်ဆင်ထားသည်။ O X
- ကျွန်ုပ်သည် မီးသတ်ဆေးဘူးနှင့် ရှေးဦးသူနာပြုပုံးတို့ကို လူမြင်သာသည့်နေရာတွင် ထားသည်။ O X
- ကျွန်ုပ်သည် အလုပ်ခွင်ကို နေရာတကျ စီစဉ်ပြီး သန့်ရှင်းရေးလုပ်သည့်အကျင့် ရှိသည်။ O X

## [ အလုပ် ]

- ကျွန်ုပ်သည် ဘေးအန္တရာယ်များသည့် အလုပ်များအတွက် နောက်တစ်ဦးနှင့် နှစ်ဦးတွဲလုပ်သည်။ O X







# 10 ကူးစက်ရောဂါများ

## [ မွှားမှကူးစက်သည့် ရောဂါများ (SFTS, scrub typhus) နှင့် ကြွက်မှကူးစက်သည့် ရောဂါများ ]

| | | |
|---|---|---|
| • အရေပြားမပေါ်သည့် အဝတ်အစားနှင့် ဦးထုပ်၊ မာဖလာ၊ အကျီလက်တို၊ လက်အိတ်၊ ခြေအိတ်နှင့် ဘွတ်ဖိနပ်များ ဝတ်ဆင်သည်။ | O | X |
| • ကျွန်ုပ်၏ အပေါ်ရုံဝတ်စုံကို လည်ပင်းနှင့် လက်များတွင် အကျပ်ဝတ်ပြီး ဘောင်းဘီအနားဖတ်ကို ခြေအိပ်အတွင်း ထိုးထည့်သည်။ | O | X |
| • ကျွန်ုပ်သည် ခြံအလုပ်မစမီ မွှားမကိုက်ဆေး အများအပြားလိမ်းသည်။ | O | X |
| • မြက်ခင်းပေါ် လှဲအိပ်ခြင်း သို့မဟုတ် ကျွန်ုပ်၏ အဝတ်အစားများကိုချွတ်ပြီး မြက်ခင်းပေါ် ထားခဲ့ခြင်းများ မရှိပါ။ | O | X |
| • စိုက်ပျိုးရေးအလုပ်ပြီးလျှင် ချက်ချင်းရေချိုးသည်။ | O | X |
| • အလုပ်ခွင် အဝတ်အစားနှင့် ပုံမှန်အဝတ်အစားများကို သတ်သတ်စီခွဲ၍ လျှော်သည်။ | O | X |

## [ တိရိစ္ဆာန်မှ လူသို့ကူးသည့် ရောဂါများ ]

| | | |
|---|---|---|
| • ကျွန်ုပ်သည် အညစ်အကြေး သန့်စင်ရုံများတွင် "သတိပေးဆိုင်းဘုတ်များ" ချိတ်ဆွဲပြီး အလုပ်တွင် မတော်တဆ အသက်ရှူကြပ်မှုများ မဖြစ်စေရန် စည်းကမ်းချက်များကို တင်းကျပ်စွာ လိုက်နာသည်။ | O | X |
| • ကျွန်ုပ်သည် ဖိနပ်များ/ဘွတ်ဖိနပ်များကို ပုံမှန်ဆေးကြောပြီး ပိုးသတ်သည်။•အလုပ်ခွင် အဝတ်အစားနှင့် ပုံမှန် အဝတ်အစားများကို သတ်သတ်စီခွဲ၍ လျှော်သည်။ | O | X |
| • အလုပ်လုပ်နေချိန်တွင် အစားစားခြင်း၊ ရေသောက်ခြင်း မရှိပါ။ | O | X |
| • ကျွန်ုပ်သည် ပုံမှန် ကျန်းမာရေး စစ်ဆေးမှုများ လုပ်သည်။ | O | X |








## ဘေးကင်းရေး အချက်အလက်များကို နောက်ထပ်ကြည့်မည်

농업인안전365
http://farmer.rda.go.kr

**농작업 안전 자가점검 체크리스트** (미얀마어)

# စိုက်ပျိုးရေးလုပ်ငန်း ဘေးကင်းရေးဆိုင်ရာ
# ကိုယ်တိုင်ပြန်လည်စစ်ဆေးရန်စာရင်း

Agricultural Safety Division, Extension Service Bureau, Rural Development Administration
Safety & Disaster Prevention Engineering Division, National Institute of Agricultural Sciences,
Rural Development Administration

300, Nongsaengmyeong-ro, Deokjin-gu, Jeonju, Jeollabuk-do, Rep. of Korea, 54875

**Tel. 063-238-1032**